# သခင်ယေရှု ရှင်ပြန်ထမြောက်တော်မူသော ပါစကားပွဲ

ရှင်ယောဟန် ၂၀း၁-၉

သခင်ယေရှု တကယ်သေပါတယ်ဆိုတဲ့အကြောင်း ယုံဖို့က မခက်ပါဘူး။ ဘာသာကွဲတွေကတောင် သခင်ယေရှု သေခဲ့တယ်ဆိုတာ ယုံကြပါသေးတယ်။ သခင်ယေရှု သေရာမှပြန်ရှင်တယ်ဆိုတာကို ယုံဖို့က အရေးကြီးဆုံးပါပဲ။ သခင်ယေရှုရဲ့သေရာမှပြန်ရှင်ခြင်းဟာ ခရစ်ယာန်တွေရဲ့ယုံကြည်ခြင်းပါ။ ဘာဖြစ်လို့လဲဆိုတော့ သခင်ယေရှုက အသေခံလို့ သခင်ယေရှုကို ဘုရားဖြစ်ပါတယ်လို့ သေချာပေါက် ပြောလို့ မရသေးပါဘူး။ သခင်ယေရှု သေရာမှပြန်ရှင်မှသာလျှင် သခင်ယေရှုဟာ ဘုရားဖြစ်တော်မူတယ်ဆိုတာ သေချာပေါက် ပြောလို့ ရပြီပေါ့။ သေရာမှပြန်ရှင်နိုင်တယ်ဆိုမှတော့ ကျနော်တို့ကိုလည်း သေရာမှ ပြန်ရှင်ပေးနိုင်မယ်ဆိုတာလည်း သေချာသွားပြီ။ ဒါဆိုရင် သခင်ယေရှုဟာ ကျနော်တို့ လိုချင်နေတဲ့ ထာဝရအသက်ကို ပေးပိုင်နိုင်တဲ့ဘုရားဆိုတာရော သေချာသွားပါပြီ။ သခင်ယေရှုက သေရာမှပြန်ရှင်နိုင်တဲ့ဘုရား ဖြစ်တာကြောင့် သူဟောပြောခဲ့တဲ့တရားတွေအားလုံးက အမှန်တွေပေါ့။ အမှားမပါဘူး။ ကျနော်တို့ စိတ်ချယုံကြည်စွာ လိုက်နာကျင့်ဖို့ပဲဆိုတာ သေချာပြီ။ အမှား မပါနိုင်ဘူး။

သခင်ယေရှု သေရာမှပြန်ရှင်နိုင်တဲ့အတွက်ကြောင့် ကျနော်တို့လည်း အပြစ်ကိုလည်း ကြောက်စရာ မလိုတော့ဘူး၊ သေခြင်းကိုလည်း ကြောက်နေစရာ မလိုတော့ဘူး။ လက်ဝါးကားတိုင်ပေါ်မှာ အသေခံပေးခြင်းဖြင့် အပြစ်ကို ချေဖျက်ပေးတော်မူခဲ့ပြီ။ ဒါကြောင့် နောင်တရတဲ့လူတိုင်း ထာဝရအသက်ကို ရနိုင်ပြီ။ နောင်တရတဲ့သူတိုင်း ကောင်းကင်ဘုံရောက်နိုင်ပြီ။ ဒါကြောင့် ယေရှုဘုရားရှင်ရဲ့ သေရာမှပြန်ရှင်ခြင်းက ခရစ်ယာန်တွေ ပျော်ရတဲ့အကြောင်းရင်းပါပဲ။ လူ့လောကမှာ ဘယ်လောက်ပဲ ဒုက္ခကြုံနေပါစေ လူတိုင်းက ကောင်းကင်ဘုံကို သေချာပေါက်ရောက်မယ်လို့ မျှော်လင့်နိုင်ကြပါပြီ။

သခင်ယေရှု ကားတိုင်ပေါ်မှာ အသေခံတာက ဘာကို ဖော်ပြနေသလဲဆိုတော့ မုန်းတီးခြင်းကို ချစ်ခြင်းက အနိုင်ယူပြလိုက်တာပါပဲ။ မုန်းတဲ့လူနဲ့ ချစ်တဲ့ဘုရား နောက်ဆုံးတော့ ဘယ်သူက နိုင်သလဲ။ သေရာမှပြန်ရှင်ပြခြင်းအားဖြင့် အမုန်းက ရှုံးပြီး ချစ်ခြင်းက နိုင်သွားတယ်ဆိုတဲ့သက်သေ ပြလိုက်တာပါပဲ။ အခု လောကကြီးမှာ မုန်းတတ်တဲ့လူတွေက နိုင်နေသယောင်ယောင် မြင်တွေ့နေရပါတယ်။ သည်းခံတယ်၊ ခွင့်လွှတ်တယ်၊ ချစ်တယ်ဆိုတဲ့လူတွေက ရှုံးနေသလိုလိုပါပဲ။ ဒါပေမဲ့ သခင်ယေရှုရဲ့ သေရာမှပြန်ရှင်နိုင်ခြင်းကြောင့် အမုန်းက အချစ်ကို ဘယ်တော့မှ မနိုင်ဘူးမှတ်ထား။ နောက်ဆုံးမှာတော့ ချစ်တတ်တဲ့သူတွေကပဲ သေခြင်းကို အောင်မြင်ကြပြီး ထာဝရအသက်နဲ့ ကောင်းကင်ဘုံမှာ ဘုရားနဲ့အတူတူ အသက်ချမ်းသာရရှိကြတာပါပဲ။

သခင်ယေရှု သေရာမှပြန်ရှင်နိုင်တဲ့အတွက် ကျနော်တို့လည်း သေခြင်းကို မကြောက်ရတော့ပါဘူး။ လောကလူတွေက သေခြင်းကို မစဉ်းစားမိချင်ကြဘူး။ ကိုယ့်ကိုယ်ကို ငယ်ရွယ်နုပျိုနေတဲ့မျက်နှာကို ဆောင်နေချင်ကြတယ်။ ဒါမှ သေခြင်းကို သတိမယမှာ ။ သတိလည်း မရချင်ကြပါဘူး။ ဒါဟာ လူ့သဘာဝကို လှည့်စားနေတာပါပဲ။ လူ့သဘာဝအတိုင်း

ဘုရားသခင်ရဲ့အစီအစဉ်အတိုင်း သေကြရမှာ ဝမ်းနည်းစရာ မဟုတ်ပါဘူး။ တစ်ချို့ဘာသာတွေက သင်္ခါရတရားကို မုန်းကြတယ်။ အသက်ကြီးလာတာ ၊ အိုလာတာကို ဖုံးကွယ်ထားချင်ကြတယ်။ ကျနော်တို့ ခရစ်ယာန်တွေကျတော့ ဘုရားသခင်က သင်္ခါရတရားကို စီစဉ်ထားတဲ့အတိုင်း တစ်နေ့ အိုရမယ်ဆိုတာကိုလည်း ကျေနပ်ကြပါတယ်။ တစ်နေ့ သေရမယ်ဆိုတာကိုလည်း ကျေနပ်လက်ခံကြပါတယ်။ "သင်သည် မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ ပြန်သွားရမည်" လို့ မိန့်တော်မူပြီး သင်္ခါရတရားကို စီစဉ်ထားခဲ့ပါတယ်။ ဒါမှ လူဟာ ထာဝရအသက်ပိုင်ရှင် ဘုရားသခင်ကို မှီခိုအားထားတော့မယ်။ လောကအသက်တာထက် ထာဝရအသက်တာကို ပိုပြီး မျှော်လင့်တောင်းတကြတော့မယ်။ ဒါကြောင့် သေရမှာ မကြောက်တော့ဘဲ ဘုရားနဲ့ ဝေးရမှာကိုသာ ကြောက်ကြရမှာပါ။

ဒါကြောင့် ယနေ့ဖတ်ရတဲ့ ကော်လောဆဲသြဝါဒစာမှာ ရှင်ပေါလုက "သင်တို့သည် ခရစ်တော်နှင့်အတူ ရှင်ပြန်ထမြောက်ခဲ့ကြသည်ဖြစ်၍ ဘုရားသခင်၏လက်ယာတော်ဘက်၌ ထိုင်နေတော်မူသော ခရစ်တော်ရှိရာ အထက်အရပ်နှင့်ဆိုင်သည့်အရာများကို ရှာဖွေရယူကြလော့။ သင်တို့သည် မြေကြီးပေါ်၌ရှိသောအရာတို့ကို စွဲလမ်းခြင်း မရှိဘဲ အထက်အရပ်၌ ရှိသောအရာတို့ကိုသာ စွဲလမ်းကြလော့။ အကြောင်းမူကား သင်တို့သည် သေဆုံးခဲ့ကြပြီဖြစ်၍ သင်တို့၏အသက်တာသည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ကွယ်လျက် ရှိသောကြောင့်တည်း။ သင်တို့၏အသက်တာတည်းဟူသောခရစ်တော် ထင်ရှားပြတော်မူသောအခါ သင်တို့သည်လည်း ကိုယ်တော်နှင့်အတူ ဘုန်းဂုဏ်တော်၌ ထင်ရှားကြလိမ့်မည်" လို့ ရေးထားပါတယ်။ သခင်ယေရှုရဲ့ သေရာမှပြန်ရှင်ခြင်းအားဖြင့် ဒီလောကမြေကြီးပေါ်မှာ အသက်ရှင်နေတာပြီးရင်လည်း အသက်က ဆက်ရှင်နေအုံးမယ်ဆိုတာကို သက်သေပြနေပါတယ်။

ဒါကြောင့် ကျနော်တို့ ခရစ်ယာန်တွေက ဒုက္ခတွေအကြားမှာလည်း ဝမ်းမြောက်နိုင်ကြတယ်။ စိတ်ပျက်စရာကောင်းတဲ့အခြေအနေတွေ ကြုံရင်လည်း မျှော်လင့်နိုင်ကြပါတယ်။ ဒါကြောင့် ယနေ့ဖတ်ရတဲ့ဆာလံအတိုင်း "အာလေလူယား အာလေလူယား အာလေလူယား " ဆိုပြီး ဘုရားကို ချီးမွမ်းနိုင်ကြပါတယ်။ "ထာဝရဘုရားသည် ကောင်းမြတ်တော်မူသောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ချီးမွမ်းကြလော့။ ကိုယ်တော်၏ခိုင်မြဲသောမေတ္တာတော်သည် အစဉ်ထာဝရတည်တော်မူ၏။" လို့ ကျနော်တို့ ချီးမွမ်းကျေးကြပါတယ်။

သခင်ယေရှု သေရာမှပြန်ရှင်တော်မူတဲ့အတွက်ကြောင့် ကျနော်တို့ရဲ့ဘဝ အသက်တာတွေကို အကောင်းဆုံး အပြည့်စုံဆုံး ရှင်သန်နိုင်ကြပါပြီ။ တစ်ခါတုံးက လူငယ်တစ်ဦးက ပညာရှိတစ်ယောက်ကို မေးတယ်။ "လောကမှာ အကောင်းဆုံး အပြည့်စုံဆုံး အသက်ရှင်နေထိုင်နိုင်ဖို့ ဘယ်လိုနေထိုင်ရမလဲ"။ ဒါနဲ့ ပညာရှိက "သေဖို့အတွက် အဆင်သင့်ပြင်ဆင်နေပါ" တဲ့ ။ ဒါနဲ့ လူငယ်က ထပ်ပြီး မေးပါတယ်။ "သေဖို့အတွက် ဘယ်လိုပြင်ဆင်ရမလဲ" တဲ့။ ဒီအခါ ပညာရှိက "အကောင်းဆုံး အပြည့်စုံဆုံး အသက်ရှင်ခြင်းအားဖြင့် ပြင်ဆင်နေရမယ်" တဲ့လေ။ ဒါကြောင့် ရှင်ခြင်းနဲ့ သေခြင်းက တစ်ကွဲတစ်ပြားစီ မဟုတ်ဘူး။ ကောင်းကောင်းမွန်မွန်နေထိုင်အသက်ရှင်တာက ကောင်းသောသေခြင်းအတွက် ပြင်ဆင်ရာ ရောက်ပါတယ်။

ယနေ့ ဘုန်းကြီးဖတ်သွားတဲ့ ဧဝံဂေလိကျမ်းမှာ မာရိယားမာဒလေနားက လာပြောလို့ သချိုင်းတော်ကို ပြေးကြည့်ကြတဲ့ တပည့်တော်ကြီးနှစ်ပါးက ရှင်ပြန်ထမြောက်တဲ့သခင်ယေဇူးကိုတော့ မတွေ့ခဲ့ရပါဘူး။ ဒါပေမဲ့ အလောင်းတော်ကတော့ မရှိတော့ဘူး။ ပတ်အဝတ်ပဲ ကျန်ခဲ့တာကို တွေ့ခဲ့ရပါတယ်။ အခုလို သခင်ယေဇူးကိုတော့ မတွေ့ရသေးပေမဲ့ အလောင်းတော် မရှိတော့တဲ့လက္ခဏာကို မြင်ရရုံနဲ့ သင်လည်း တပည့်တော်ကြီးတွေလို ယုံကြည်နိုင်ပါရဲ့လား။ မတွေ့ရသေးပေမဲ့ ယုံတဲ့ယုံကြည်ခြင်းကသာ ယုံကြည်ခြင်းအစစ်ဖြစ်ပါတယ်။ ဘာသာသူတို့ မတည်မြဲတဲ့ ဒီလောကကြီးထဲမှာ နေထိုင်နေရတဲ့ ကျနော်တို့အတွက် အဲ့လိုယုံကြည်ခြင်းက အရေးတကြီး လိုအပ်နေပါတယ်။ ခရစ်တော်ရဲ့ သေရာမှပြန်ရှင်ခြင်းကို ယုံကြည်တဲ့ သင့်ယုံကြည်ခြင်းကသာ သင့်ကို ဝမ်းမြောက်စေနိုင်မယ်၊ မျှော်လင့်စေနိုင်မယ်။ ပြည့်ပြည့်စုံစုံ အသက်ရှင်နေထိုင်နိုင်ပါလိမ့်မယ်။

**Happy Easter !** အာ လေ လူ ယား